ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan(VDP)

ကြံ့ခင်းမြို့နယ်

၂၀၁၈ - ခုနှစ်

ဇီးပင်ကွင်းအုပ်စု ၊ အုပ္ပံ(မြောက်) ကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ဧရာဝတီ မြစ်
ရခိုင် ပြည် နယ်
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေ




ဇီပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ဇီးပင်ကွင်း ကျေးရွာ

၂. ကရင်ကုန်း ကျေးရွာ

၃. ပေကုန်းလေး ကျေးရွာ

၄. နောကုန်း ကျေးရွာ

၅. ပေကုန်းကြီး ကျေးရွာ

၆. အုတ်ပုံ (မြောက်စု) ကျေးရွာ

၇. အုတ်ပုံ (တောင်စု) ကျေးရွာ

၈. အုတ်ပုံ (အရှေ့စု) ကျေးရွာ

၉. ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

မြောက်အုပ္ပဲ ့ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသာ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်း အုပ်စုတွင် တည်ရှိပါသည်။ ကြံခင်းမြို့ အနောက်ဘက် ပုသိမ်၊မုံရွာ၊ကြံခင်း လမ်းစုံအနီးတွင် တည်ရှိပါ သည်။ မြောက်အုပ္ပဲ ့ကျေးရွာတွင် အိမ်ခြေ-၆၆အိမ်ခန့် နေထိုင်ကြ၍ လူဦးရေ-၂၆၇ဦး နေထိုင်ကြသည်။မြောက်အုပ္ပဲ ကျေးရွာတွင် မူလတန်းကျောင်း ရှိသော်လည်း အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် ဘက်ရဲသို့ သွားရောက် သင်ယူကြသည်။ ဘာသာရေးနှင့် ပတ်သက်၍ ဘုန်းတော်ကြီး ကျောင်းရှိသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဆေးပေးခန်း မရှိသဖြင့် ဘက်ရဲ ဆေးရုံသို့ သွားရောက် ကြသည်။ လက်မှုပညာနှင့်ပတ်သက်၍ ကျေးရွာတွင် လက်သမား၊ ပန်းရံဆရာ တို့ရှိသည်။ မြောက်အုပ္ပဲ ကျေးရွာမှ အုပ်စုတွင်းရှိ အခြားကျေးရွာများသို့ ဆက်သွယ်သော လမ်းများမှာ မြေသားလမ်း များဖြစ်သည်။ မြောက်အုပ္ပဲကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော်လည်း ဖွံ့ဖြိုးရေး အားနည်းသော ရွာလေးတစ်ရွာဖြစ်သည်။


မြောက်အုပ္ပဲ ကျေးရွာသည် လယ်ယာနှင့် ကိုင်းလုပ်ငန်းကို အဓိက လုပ်ကိုင် ကြသော်လည်း ကျပန်း လုပ်ကိုင်နေသူများ လည်းရှိသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ စီမံကိန်းများ၊ အဖွဲ့ အစည်းများ ဝင်ရောက်မှုအားနည်းသည်။ သို့သော် ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ၎င်းတို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် အလွန်ပင် စိတ်အားထက်သန်ကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 22.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 26 | 15 | 41 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 22.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 26 | 15 | 41 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 22.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 26 | 15 | 41 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 22.9.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 26 | 15 | 41 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 22.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | 26 | 15 | 41 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 22.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 26 | 15 | 41 | -အရင်းအမြစ်များအပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 22.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 26 | 15 | 41 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 22.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 26 | 15 | 41 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 22.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 26 | 15 | 41 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်</u>**





လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

- မြောက်အုပ်ပွဲကျေးရွာသည် လယ်ယာမြေများ၊ ကိုင်းမြေများကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြ သည်။
- အိမ်ခြေ-၆၄အိမ် ရှိသည့်အနက် အိမ်ခြေ-၂၃အိမ်သည် လက်လုပ်လက်စားများဖြစ်ကြပြီး ကျပန်းလုပ် ကိုင်ကြသည်။
- ကျေးရွာတွင်စာသင်ကျောင်းမရှိ၍ ပညာရေးနှင့်ပတ်သက်၍ လက်လှမ်းမှီမှုအသင့်အတင့်သာရှိသည်။
- ကျေးရွာ၏လမ်းများမှာ နွေရာသီတွင်ကောင်းမွန်သော်လည်း မိုးတွင်းအခါလမ်းများ ပျက်စီး၍ သွားလာ ရေးခက်ခဲသည်။
- ကျေးရွာ၏လိုအပ်ချက်အရ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်တွင် ရေတွင်း၊ ရေကန် တည်ဆောက်ခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ-
    - လျှပ်စစ်မီးလင်းရန်
    - လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်
    - စာသင်ကျောင်းရှိရန်
    - ဝင်ငွေတိုးလုပ်ငန်းများရှိရန်- ကောက်ရိတ်စက်
        - လယ်ထွန်စက်

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

မြောက်အုပ္ပုံကျေးရွာတွင် လယ်ယာနှင့် ကိုင်းမြေများကို အိမ်ခြေ-၆၄အိမ် ရှိသည့်အနက် အိမ်ခြေ-၄၁အိမ်မှာ လယ်ယာနှင့်ကိုင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကျန်-၂၃အိမ်မှာ ကျပန်းလုပ်ကိုင်ကြသည်။


၎င်းတို့လုပ်ကိုင်နေကြသော လုပ်ငန်းများတွင် အမျိုးသားများသည် လုပ်အားခ-၅၀၀၀ကျပ်ရရှိပြီး အမျိုးသမီးများမှာ လုပ်အားခ-၄၀၀၀ကျပ်သာ ရရှိသည်။ ရာသီဥတုမှာ ဝါဆို၊ ဝါခေါင်လများတွင်သာ မိုးသည်းထန်စွာရွာသွန်း၍ အခြားကာလများတွင် သာယာသည်။

မြောက်အုပ္ပုံကျေးရွာ၏ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းလများတွင် ဖျားနာတတ်သည်။ ကျေးရွာ၏ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်းမုန်းလတွင် ကထိန်ပွဲတော်တို့ပြုလုပ်ကြသည်။

ကျေးရွာတွင် လယ်ယာများ ရိတ်သိမ်းချိန်နှင့် ပဲများရောင်းချချိန်တို့တွင် အစားအစာ ပိုမိုဖူလုံမှုရှိသည်။ သောက်သုံးရေရရှိမှုမှာ မိုးတွင်းအခါတွင် ပိုမိုဖူလုံမှုရှိပြီး ကျန်ကာလများတွင် အသင့်အတင့်ရှိသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**<u>ဥစ္စာမနေ အဆင့်သတ်မှတ်ခြင်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


မြောက်အုပ္ပဲ့ကျေးရွာတွင် အိမ်ခြေ-၆၄အိမ်ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု-၂၅အိမ်၊ အသင့်အတင့် အိမ်ထောင်စု-၁၆အိမ်၊ မပြေလည်သောအိမ်ထောင်စု-၂၂အိမ်နှင့် နွမ်းပါးသော အိမ်ထောင်စု-၁အိမ်ရှိသည်။

နွမ်းပါးသောအိမ်ထောင်စုမှာ သက်ကြီးရွယ်အိုအိမ်ဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် မပြေလည်သောအိမ်ထောင်စုနှင့် နွမ်းပါးသော အိမ်ထောင်စုများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်များကို အလေးထားစဉ်းစား ဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျှင် ကျေးရွာ၏ သာရေးနာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်နိုင်သည်။ ကျေးရွာတွင် ဘက်စုံသုံးရေကန်နှင့် တစ်ရွာ လုံးရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်လျှင် အမျိုးသမီးများ ရေခပ်ချိန်နည်းပါးပြီး အခြားစီးပွား ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ယ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း</u>**




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


မြောက်အုပ်ပွံ့ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကဦးဆောင်သည်။

ကျေးရွာရှိ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့နှင့် ကောက်စိုက်အဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ သာရေးနာရေးတို့တွင် အဓိကဦးဆောင်သည်။ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့် လည်းကောင်းချိတ်ဆက်၍ ဆောင်ရွက်သည်။

ကျေးရွာအတွင်းရှိ လူထုဗဟိုပြု စီမံကိန်းအဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့နှင့် ချိတ်ဆက်ဆောင်ရွက်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်**




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊လွှမ်းမိုးမှုနှင့်ဆုံးဖြတ်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**


မြောက်အုပ္ပံ့ကျေးရွာသည် လယ်ယာ၊ ကိုင်း၊ ဆိုင်ကယ်၊ ရေတွင်း၊ ရေကန်၊ စျေးဆိုင်၊ ဝက်၊ အိမ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ နွား၊ ကြက်တို့ကို အမျိုးသားနှင့် အမျိုးသမီးတို့တူညီစွာ အသုံးပြုကြပြီး တူညီစွာ ပိုင်ဆိုင်ထိန်းချုပ်ကြသည်။

ကျေးရွာတွင်းရှိ အမျိုးသမီးများသည် အပ်ချုပ်စက်၊ ဝက်၊ ကျွဲတို့ကို အသုံးပြုရုံသာမကထိန်းချုပ်ကြသည်။ လယ်ထွန်စက်၊ ခြွေလှေ့စက်၊ လှည်း တို့ကို အမျိုးသားများသည် အသုံးပြုကြပြီး ထိန်းချုပ်မှုတို့တွင်အမျိုးသားများ၊အမျိုးသမီးများတူညီစွာထိန်းချုပ်ကြသည်။

လူမှုရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ အစည်းအဝေးများတက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီတူ အခွင့်အရေးညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်**




ပင့်ကူအိမ်ကွန်ယက်

## ပင့်ကူအိမ်ကွန်ယက် သုံးသပ်ခြင်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


မြောက်အုံပွဲ့ကျေးရွာတွင် အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ ရာနှုန်းပြည့် လုပ်ကိုင်နေရပြီး အဖွဲ့အစည်းပါဝင်မှုနှင့် ပညာရေးလက်လှမ်းမှီမှုတို့တွင် အမျိုးသားများနှင့် တန်းတူ လက်လှမ်းမှီကြောင်း တွေ့ရသည်။


ကျေးရွာအတွင်းရှိ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရှာဖွေမှုတို့တွင် လည်းကောင်း၊ လုံခြုံမှုနှင့် အုပ်ချုပ်မှုတို့တွင် လည်းကောင်း အမျိုးသမီးများထက်ပို၍ လက်လှမ်းမှီ ကြောင်းတွေ့ရသည်။ ယုံကြည်မှုပိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူရှိကြောင်းတွေ့ရ သည်။

မြောက်အုပွဲ့ကျေးရွာတွင် အမျိုးသားများသည် အိမ်တွင်းမှုလုပ်ငန်းများကို လုပ်ဆောင်ရန်လို အပ်နေကြောင်းနှင့် အမျိုးသမီးများသည် အုပ်ချုပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုံခြုံမှုတို့တွင် လက်လှမ်းမှီမှုအားနည်းကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**




အခက်အခဲပြဿနာများ

**<u>အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


မြောက်အုပ္ပံ့ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများ၏ အဓိကအခက်အခဲ ပြဿနာတို့မှာ ပညာဗဟုသုတနည်းပါးခြင်းအခက်အခဲနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲတို့သည် တူညီသောအခက်အခဲများဖြစ်ကြသည်။


ကျေးရွာရှိ အမျိုးသမီးများ၏ အခက်အခဲပြဿနာတို့မှာ ကျန်းမာရေးအခက်အခဲ၊ အစည်းအဝေးပြုလုပ်ရန်နေရာအခက်အခဲ၊ ပညာရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲတို့သည်အမျိုးသားများနှင့် မတူညီသော အခက်အခဲများဖြစ်သည်။

ကျေးရွာရှိ အမျိုးသားများ၏ အခက်အခဲပြဿနာတို့မှာ ငွေကြေးအခက်အခဲ၊ အဖွဲ့အစည်းဝင်ရောက်မှုအားနည်းခြင်းအခက်အခဲ၊ နည်းပညာအခက်အခဲ၊ မီးဘေးအန္တရာယ်အခက်အခဲတို့သည် အမျိုးသမီးများနှင့် အတူညီသော အခက်အခဲများဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>**




မျှော်မှန်းချက်

**ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

မြောက်အုပ္ပံကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများသည် မိမိတို့ကျေးရွာအတွက် လျှပ်စစ်မီးလင်းရန်နှင့် စာကြည့်တိုက်ရှိရန် တူညီစွာမျှော်မှန်းကြသည်။


ကျေးရွာရှိ အမျိုးသမီးများ၏ မျှော်မှန်းချက်မှာ ကျေးရွာ၏လမ်းများကို ကွန်ကရစ်လမ်း များဖြစ်ရန်၊ ဆေးပေးခန်းရှိရန်၊ အစည်းအဝေးခန်းမရှိရန်၊ တစ်ရွာလုံးရေပိုက်သွယ်တန်းခြင်းနှင့်စာသင်ကျောင်းရှိရန်တို့သည် အမျိုးသားများနှင့်မ တူညီသောမျှော်မှန်းချက်များဖြစ်သည်။

အမျိုးသားများ၏မျှော်မှန်းချက်များမှာ ရွာတွင်းချောင်းကျောက်လမ်းဖြစ်ရန်၊ ဘက်စုံသုံးရေကန်နှင့် ရေပိုက်သွယ်တန်းခြင်း၊ မီးသတ်ကားရှိရန်တို့သည် အမျိုးသမီးများနှင့်မတူညီသော မျှော်မှန်းချက်ဖြစ်သည်။

အထက်အဖော်ပြပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသောမျှော်မှန်းချက်များဖြစ်သည်။


၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်



အမျိုးသားများမှ အဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

* လျှပ်စစ်မီး (မီးဝိုင်+ကြိုး)
* ရွာတွင်းချောင်းကျောက်လမ်း
* ဆေးပေးခန်း
* တစ်ရွာလုံး ရေပိုက်လိုင်းသွယ်တန်းခြင်း
* ကောက်ရိတ်စက်
* လယ်ထွန်စက်ကြီး
* မီးသတ်ကား
* ဘောလုံးကွင်း
* အစည်းအဝေးခန်းမ



ကျေးရွာဦးစားပေးလုပ်ငန်းများ

| စီမံကိန်းလုပ်ငန်းစဉ် | အဆိုပြုသူ | အမျိုးသားမှ အရေအတွက် | အမျိုးသမီးမှ အရေအတွက် | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| [illegible]ရေကန်နှင့် ပိုက်သွယ်တန်းခြင်း | ကျား+မ | ၁၈ | ၂၂ | ၄၀ | ၁ |
| ရွာတွင်းချောင်းကျောက်လမ်း | ကျား+မ | ၁၄ | ၁၂ | ၂၆ | ၂ |
| အစည်းအဝေးခန်းမ | ကျား+မ | ၈ | ၁၀ | ၁၈ | ၃ |
| | | | | | |

ကျေးရွာဦးစားပေးလုပ်ငန်းများ

**ကျေးရွာဦးစားပေးလုပ်ငန်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

မြောက်အုပ်ပွဲ့ကျေးရွာတွင် အစည်းအဝေး တက်ရောက်လာသော အမျိုးသား၊ အမျိုးသမီးများမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုင်ပင်ဆွေးနွေးသော စီမံကိန်းလုပ်ငန်းများအနက် စီမံကိန်းလုပ်ငန်းခွဲ-၃ခုကို ရွေးချယ်၍ မဲပေးခဲ့သည်။

ဘက်စုံသုံးရေကန်နှင့် ပိုက်သွယ်တန်းခြင်း စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၁၈မဲ၊ အမျိုးသမီး-၂၂မဲ စုစုပေါင်း ၄၀မဲဖြင့် ဦးစားပေး အဆင့်-၁ ကိုရရှိခဲ့သည်။

ရွာတွင်းချောင်းကျောက်လမ်း စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၁၄မဲ၊ အမျိုးသမီး-၁၂မဲ စုစုပေါင်း-၂၆မဲဖြင့် ဦးစားပေးအဆင့်-၂ကိုရရှိခဲ့သည်။

အစည်းအဝေးခန်းမ စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၈မဲ၊ အမျိုးသမီး-၁၀မဲ စုစုပေါင်း-၁၈မဲဖြင့် ဦးစားပေးအဆင့်-၃ကို ရရှိခဲ့သည်။

အထက်ပါ စီမံကိန်းလုပ်ငန်းခွဲ-၃ခုကို ကျေးရွာအုပ်စုအဆင့်ရွေးချယ်ပွဲ၌ ဘက်စုံသုံးရေကန်နှင့် ပိုက်သွယ်တန်းခြင်းကို ဦးစားပေးအဆင့်-၁ အနေဖြင့်ရွေးချယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ခဲ့သည်။

ဦးစားပေးလုပ်ငန်းများ

လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း



ကျေးရွာကော်မတီဝင်များ



## ၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။ အုပ္ပံ (မြောက်)**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၂-၉-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးညွန့်ဝင်း | ၀၉၂၅၀၅၉၈၃၁၄ | |
| ၂ | | ဥက္ကဌ | ဒေါ်သန်းသန်းမော် | - | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကြည်စိုး | - | |
| ၄ | | အဖွဲ့ဝင် | ဒေါ်တင်တင်ယု | ၀၉၄၅၂၁၆၀၇၄၄ | |
| ၅ | | အဖွဲ့ဝင် | ဦးမြင့်အေး | - | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်နန်းသီတာစိုး | - | |
| ၇ | | အဖွဲ့ဝင် | ဒေါ်ချိုချိုအောင် | - | |
| ၈ | | အဖွဲ့ဝင် | ဦးလှိုင်မြင့်ဦး | - | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သင်းသင်းယု | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးမြင့်ဝေ | ၀၉၇၆၇၂၆၇၅၁၆ | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်မော်မော်ဆွေ | ၀၉၄၅၀၄၁၈၁၉၄ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမြင့်လွင် | ၀၉၂၆၄၀၃၆၀၃၃ | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသန်းထွန်းအောင် | - | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ယဉ်ယဉ်ထွေး | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဝင်းညွန့် | - | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးနန္ဒာခိုင် | ၀၉၉၅၁၅၁၂၇၃၈ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

## ၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးတင့်လှိုင် | ၀၉-775046049 | ဒေါ်ထက်ထက်လှိုင် |

| | | | |
|---|---|---|---|
| မြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဗိုးဖြစ်ကွင်း | ကျေးရွာ မြောက်ဘုံ |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ-- | ၆၅ | ဘာသာ (၁) --ဗုဒ္ဓ-- | ၆၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၃ | | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၉ ၊ မ-၁၁ | | ၂၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၂၆၄ | ၁၃၈ | ၁၂၆ |
| လူမျိုးစု (၁)---ဗမာ--- | ၁၃၈ | ၁၂၆ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၅၈ | ၇ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း  ကတ္တရာလမ်း  ကွန်ကရစ်လမ်း  မော်တော်ဆိုင်ကယ်လမ်း
(ကျောက်ခင်းလမ်း)  မြေသားလမ်း  လူသွားလမ်း  အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်  ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၃-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------၁၅ မိနစ်---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----[illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------မရှိပါ။------
(၂) ------------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ခိုးတင့်လွင် | |
| | လက်မှတ် [signature] | နေ့စွဲ ၂၂.၉.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ထက်ထက်လွင် | |
| | လက်မှတ် [signature] | နေ့စွဲ ၂၂.၉.၂၀၁၇ |

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

### ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် စဒ်ီထက်ထက်လွင်

နေ့စွဲ ၂၂.၈.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပစ်ကြွင်း | ကျေးရွာ မြောက်ဒုံးမှဲ |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂.၈.၂၀၁၇ | ၂၂.၈.၂၀၁၇ | ၂၆ | ၁၅ | ၄၁ | ၄၁ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၈.၂၀၁၇ | ၂၂.၈.၂၀၁၇ | ၂၆ | ၁၅ | ၄၁ | ၄၁ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၂၀ | ၈ | ၂၈ | ၂၈ | ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၂၀ | ၈ | ၂၈ | ၂၈ | မမှာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၄ | ၄ | ၈ | ၈ | မမှာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင် | | | |
| နေ့စွဲ - ၂၂.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးဖြစ်ကွင်း | ကျေးရွာ မြောက်[illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ငွေကြေးအခက်အခဲရှိခြင်း | ၁ | ကျန်းမာရေးအခက်အခဲ |
| ၂ | ကူညီပံ့ပိုးမည့် အဖွဲ့အစည်းဝင်ရောက်မှုအားနည်းခြင်း | ၂ | အစည်းအဝေး ပြုလုပ်ရာ ခက်ခဲခြင်း |
| ၃ | နည်းပညာအခက်အခဲ | ၃ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၄ | လျှပ်စစ်မီးမရရှိ၍ ပညာဗဟုသုတ နည်းပါးသည့်အခက်အခဲ | ၄ | လျှပ်စစ်မီးမရရှိ၍ ပညာဗဟုသုတနည်းပါးသည့်အခက်အခဲ |
| ၅ | မီးဘေးအန္တရာယ်ကာကွယ်ရန်အခက်အခဲ | ၅ | မီးဖွားရေးအခက်အခဲ |
| ၆ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကျောက်လမ်း ဖြစ်ချင်သည်။ | ၁ | ကျေးရွာတွင် ဆေးပေးခန်း ရှိချင်သည်။ |
| ၂ | တစ်ရွာလုံး လျှပ်စစ်မီး ရချင်သည်။ | ၂ | ကျေးရွာတွင် စာကြည့်တိုက် ရှိချင်သည်။ |
| ၃ | ကျေးရွာတွင် မီးသတ်ကား ရှိချင်သည်။ | ၃ | ကျေးရွာတွင် အစည်းအဝေးခန်းမ ရှိချင်သည်။ |
| ၄ | ကျေးရွာ စာကြည့်တိုက် ဖြစ်ချင်သည်။ | ၄ | ကျေးရွာတွင် ကွန်ကရစ်လမ်း ဖြစ်ချင်သည်။ |
| ၅ | | ၅ | တစ်ရွာလုံး လျှပ်စစ်မီး ရချင်သည်။ |
| ၆ | | ၆ | ကျေးရွာတွင် စာကြည့်တိုက် ရှိချင်သည်။ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံး ရေကန် နှင့် ပိုက်သွယ်တန်းခြင်း | အမျိုးသား အမျိုးသမီး | ၃၅ သိန်း | ၂၆၄ |
| ၂ | ရွာတွင်း ချောင်း ကျောက်လမ်း | အမျိုးသား အမျိုးသမီး | ၅၀ သိန်း | ၂၆၄ |
| | | | | |
| ၃ | အစည်း အဝေး ခန်းမ | အမျိုးသား အမျိုးသမီး | ၇၀ သိန်း | ၂၆၄ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကောက်ရိတ်စက် | အမျိုးသား အမျိုးသမီး | |
| ၂ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၃ | မီးသတ်ကား | အမျိုးသား | |
| ၄ | ခြေဝေ့စက် | အမျိုးသမီး | |
| ၅ | ငါး မွေးမြူရေး လုပ်ငန်း | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးညွန့်ဝင်း -------------- လက်မှတ် ---(signature)--------------- နေ့စွဲ ၂၂ • ၉ • ၂၀၁၇ --------

ဒေါ်ခင်သန်းမော် (signature)

## ၁၂။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုပြီစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | | |
| နေ့စွဲ ၂၆.၁၀.၁၇ | | ခက်ပန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ပန်း(၁) □စက်ပန်း(၂) □စက်ပန်း(၃) □စက်ပန်း(၄) |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | [illegible] | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၅၀၀၀၀၀/- | | | | ၃၅၀၀၀၀၀/- |
| [illegible] | [illegible] | ၂၀'×၃၅' | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၇၀၀၀၀၀၀/- | | | | ၇၀၀၀၀၀၀/- |
| [illegible] | [illegible] | ၂၅ တိုင် | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၅၀၀၀၀၀၀/- | | ၁၅၀၀၀ | [illegible] | ၅၀၂၅၀၀၀/- |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလဂ္ဂ
အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် (၆၀၀၀'×၁၀' ကျောက်ချောက် ×၄") လမ်း | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစောဝင်း ၊ ပေါ်ဘိုးမြေး

လက်မှတ် ------ ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ အုပ္ပုံ(မြောက်)ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

အုပ္ပုံ (မြောက်)ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၂.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

**********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ဘက်စုံသုံးရေကန်နှင့် ပိုက်သွယ်တန်းခြင်း | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်းချောင်းကျောက်လမ်း | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | အစည်းအဝေးခန်းမ | ကျား မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | ၄ | ကောက်ရိတ်စက် | ကျား မ | ၂၀၂၁ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၅ | စက်ချုပ်သင်တန်း | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | ၆ | ခြွေလှေ့စက် | ကျား မ | ၂၀၂၃ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၇ | ငါးမွေးမြူရေးလုပ်ငန်း | မ | ၂၀၂၄ | ကျေးရွာလူထု | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| သဘာဝ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၈ | မီးသတ်ကား | ကျား | ၂၀၂၅ | ကျေးရွာလူထု | မီးသတ်ဦးစီးဌာန |
| | | | | | | - |